ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

## သတင်းထုတ်ပြန်ချက်

## ၅ / ၂၀၁၃

ရက်စွဲ - ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်။

၁။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ မိမိတို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့၏ ပဒိုမန်းမန်းဦးဆောင်သောနည်းပညာအထောက်အကူပြုအဖွဲ့ နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ဦးလှမောင်ရွှေ ဦးဆောင်သောနည်းပညာအအထောက်အကူပြု အလုပ်အဖွဲ့တို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံက်(၀၉း၀၀)မှ ညနေ (၀၅း၀၀)ထိ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

၂။ ယင်းအစည်းအဝေး၌ ဒုတိယအကြိမ်နိုင်ငံရေးဆွေးနွေးရေးအကြိုညှိနှိုင်းဆွေးနွေးပွဲအတွက် UNFC အနေဖြင့် ၂၀၁၃ ခု ဩဂုတ်လပထမပတ်အတွင်း ပြုလုပ်နိုင်ရန် အဆိုပြုတင်ပြခဲ့ပြီး၊ ၎င်းအပေါ် အစိုးရကိုယ်စားလှယ်များမှ ၂၀၁၃ ခု၊ ဇူလိုင်လ မကုန်မီ အကြောင်းပြန်ကြားမည်ဖြစ်ကြောင်း သဘောထား ရရှိခဲ့ပါသည်။

၃။ ထို့အတူ လက်ရှိရောက်ရှိနေသော ပြည်တွင်းငြိမ်းချမ်းရေး နိုင်ငံရေးဖြစ်စဉ်အနေအထားတို့ကို နှစ်ဖက်အပြန်အလှန် အမြင်ဖလှယ်ခြင်း၊ သမ္မတဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလမ်းပြမြေပုံ၊ UNFC ၏ နိုင်ငံရေးလမ်းပြမြေပုံ၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ကိစ္စရပ်များအပြင် ကြားဂင်စေ့စပ်ပေးမည့်သူများ၊ အသိသက်သေများနှင့် လေ့လာသူများ ဖိတ်ကြားရေးတို့ကိုလည်း ညှိနှိုင်းဆွေးနွေး နည်းလမ်းများ ရှာဖွေခဲ့ကြကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။


**<u>ဆက်သွယ်ရန်</u>**

၁။ နိုင်ဟံသာ - အထွေထွေအတွင်းရေးမှူး၊ UNFC ဖုန်း = +၆၆ (၀) ၈၀ ၅၀၁၃ ၀၈၄၉

၂။ ပဒိုမန်းမန်း - နည်းပညာအထောက်အကူပြုအဖွဲ့ခေါင်းဆောင်၊ UNFC ဖုန်း = +၆၆ (၀) ၈၇ ၉၄၇ ၈၇၅၀